# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 7 , 2024 — Volume 83, Number 5


## ယခုနှစ်အတွင်း EV ကား ဝယ်လိုအား တက်လာ



ကားဈေးကွက်အတွင်းအရောင်းအဝယ်ကျနေပေမဲ့ မနှစ်ကထက် လျှပ်စစ်ယာဉ် EV ဝယ်လိုအားမြင့်တက်လာကြောင်း မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်အသင်း (MAMDA) ကနေ သိရသည်။

လောင်စာဆီသုံး ICE ဈေးကွက်ထက် EV ကားဈေးကွက်မှာ ဝယ်လိုအား ပိုများနေပြီး ယခုနှစ်မှာ ပိုရောင်းနေရတယ်လို့ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်အသင်း (MAMDA)မှ တာဝန်ရှိသူတစ်ဦးက ပြောပါသည်။

မနှစ်က EV ဝယ်တဲ့သူ ၅ ယောက်ဆိုရင် ဒီနှစ်မှာ ၇ ယောက် ဖြစ်လာနိုင်တယ်။ Demand လည်းတက်လာတယ်။ EV ဈေးကွက်လည်း မနှစ်ကထက်စာရင် ဒီနှစ်မှာပိုရောင်းရတယ်လို့ဆိုပါတယ်။လက်ရှိ ICE ကားဈေးကွက်အတွင်း အနိမ့်ဆုံး ကျပ်သိန်း ၃၀၀၀မှသိန်း ၁၀၀၀ ကြားရှိတဲ့ ကားတွေ အရောင်းအဝယ်ပိုဖြစ်နေတယ်လို့ သိရပါတယ်။

လက်ရှိ ကားဈေးကွက်ကတော့ လွန်ခဲ့တဲ့နှစ်လလောက်ထက်စာရင်တော့ ဈေးကွက်အေးပါတယ်။ ကျသင့်တဲ့ ကားလည်းကျသွားတယ်။ လက်ရှိကားဈေးကွက်ကတော့ ကျတယ်လို့ပဲပြောရမယ်လို့ (MAMDA)မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

၇.၁၀.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၄. ၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၁.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၅၁.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၅.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၉.၂၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၀၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၁.၅၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၈၃၇ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

ဝါကျွတ်ကာလအထိ ကားဈေးကွက်အတွင်း အရောင်းအဝယ်ဆက်ကျနိုင်ပြီး အပြောင်းအလဲသိပ်မြင်တွေ့ရနိုင်ခြေမရှိဘူး လို့လည်း ၎င်းရဲ့ ပြောကြားချက်အရ သိရပါတယ်။

**Source : ETV Business**

## ပြည်ပမှဝယ်ယူမှုများပြား၍ မန္တလေးဈေးကွက်အတွင်း ကုလားပဲ(929)အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



ပြည်ပမှဝယ်ယူမှုများပြား၍ မန္တလေးဈေးကွက်အတွင်း ကုလားပဲ(929) အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှတာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုအများဆုံး နှင့် အရောင်းအဝယ် အကောင်းဆုံး ကုလားပဲ အမျိုးအစားများ ထဲတွင် ကုလားပဲ (929)မှာလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း၌ ကုလားပဲ (929)ကို ကုန်သည်များဝယ်ယူမှု ပြန်လည်များပြားလျက်ရှိကြောင်းသိရသည်။

" မန္တလေးဈေးကွက်ထဲ အခု လတ်တလော ကုလားပဲ(929)တွေ ကို ကုန်သည်တွေ အကြိုက်တွေ့နေကြပြီး အဝယ်လိုက် နေပါတယ်။ အရင်ကအရောင်းအဝယ်အေးနေခဲ့တဲ့ ကုလားပဲ(929)ဈေးကွက်ထဲမှာ အခု အရောင်းအဝယ် တော်တော်လေးပြန်ပြီး ကောင်းမွန်လာပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှတာဝန်ရှိသူတစ်ဦးက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ပြည်ပမှ ဝယ်ယူမှုများပြားနေခြင်းကြောင့် ယနေ့တွင် ကုလားပဲ (929)ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၅,၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

" ကုလားပဲ(929)တွေ အဝယ်လိုက်နေတာကြောင့် မန္တလေးဈေးကွက်ထဲ ရောင်းအားကောင်းနေပါတယ်။ ကုန်စည်လက် ကျန် လုံးဝပြတ်တောက်သွားတာမျိုး တော့မရှိပါဘူး။ကုန်စည်လက်ကျန်ရှားလာတဲ့အတွက် နောက်ပိုင်း ကုလားပဲ(929)တွေ ဒီ ထက်ပိုပြီးအရောင်းအဝယ်ကောင်းလာနိုင်တယ်"ဟုပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပြည်တွင်းမှ ထွက်ရှိသည့် ကုလားပဲကို ပြည်ပသို့တင်ပို့ရာတွင် နှစ်စဉ်ပျမ်းမျှတန်ချိန် လေးသောင်းခန့်ရှိပြီး အိန္ဒိယ၊ ပါကစ္စတန်၊ စင်ကာပူ၊ ကိုရီးယား၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ သို့ အများဆုံး တင်ပို့လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကုလားပဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

**Source : ရတနာပုံသတင်းစာ**

## ပြည်တွင်းမျိုးစေ့ကုမ္ပဏီများမှ တရားဝင်တင်သွင်းနိုင်ခြင်း မရှိသဖြင့် မျိုးစေ့ဈေးကြီးမြင့်ခြင်း နှင့် မျိုးစေ့ပြတ်လပ်မှုများ ရှိနေ

ပြည်တွင်းသို့ နိုင်ငံခြားမျိုးစေ့များ တရားဝင်တင်သွင်းနိုင်ခြင်းမရှိသဖြင့် တောင်သူများအနေဖြင့် မျိုးစေ့ဈေးကြီးမြင့်ခြင်း နှင့် ပြည်တွင်းမျိုးစေ့များသာကို သုံးစွဲနေရကြောင်း တောင်သူများထံက သိရသည်။

ပြည်တွင်း၌ စပါး၊ ပဲ၊ နှမ်း၊ မြေပဲနှင့် ကြက်သွန်၊ ပဲမျိုးစုံတို့မှာ ပြည်တွင်းမျိုးများဖြင့် လည်ပတ်အဆင်ပြေနေသော်လည်း ပြောင်း၊ ဂေါ်ဖီ၊ မုန်လာဥနီ၊ ဖရဲ၊ သခွားနှင့် စားဖိုဆောင်သီးနှံ ဟင်းသီးဟင်းရွက်များမှာ နိုင်ငံခြားမျိုးများကို ဝယ်ယူစိုက်ပျိုး

ခြင်းဖြစ်ရာ လက်ရှိအချိန်တွင် အသစ်ဝင်ရောက်သည့် မျိုးစေ့မရှိသဖြင့် မျိုးဈေးကွက်တွင် ဈေးကြီးမြင့်မှုများနှင့် ဝယ်ယူရရှိရန် အခက်ခဲရှိကြောင်း ဖရဲ၊ သခွားစိုက် တောင်သူတစ်ဦး ကပြောသည်။

" လက်ရှိပြည်တွင်းကို မျိုးစေ့ တင်သွင်းဖို့ အခက်ခဲရှိနေပါတယ်။ တချို့လည်း ထိုင်းနိုင်ငံမှတစ်ဆင့် တင်သွင်းပြီး ဈေးကြီးမြင့်နေတာမျိုး ဖြစ်နေပါတယ်။ ပြည်တွင်း မျိုးစေ့ကုမ္ပဏီများမှာလည်း မျိုးစေ့ပြတ်လပ်မှုများ ရှိနေပါတယ်။ ကျွန်တော်တို့ ဆောင်းရာသီစိုက်အတွက် ဖရဲ၊သခွားမျိုး၊ ပြောင်း၊ ဂရုတ်သီးမျိုးတွေ တရားဝင်တင်သွင်းလို့မရပါဘူး။ တောင်သူတွေက တရားဝင်ကုမ္ပဏီတွေကနေ မျိုးစေ့ဝယ်မရတော့ ဈေးကွက်ထဲမှာရှိတဲ့ မျိုးတွေကိုပဲ စွန့်စားဝယ်ယူစိုက်ပျိုးနေရပါတယ်။ စပါးနှင့် ပဲမျိုးစုံတွေကတော့ နိုင်ငံခြားကနေမတင်သွင်းရသော်လည်း ဂရုတ်မျိုးကစ အခြားဟင်းသီးဟင်းရွက်တွေက နိုင်ငံခြားက တင်သွင်းတဲ့ မျိုးစေ့တွေကို စိုက်ပျိုးနေတာပါ " ဟု ၎င်းတောင်သူက ပြောသည်။

ပြည်ပပို့ကုန်တန်းဝင် ဖရဲ၊သခွားမျိုးများမှာ တရားဝင်တင်သွင်းသည့် ကုမ္ပဏီများမှဝယ်ယူပြီး စိုက်ပျိုးနိုင်မှသာ အရည်အသွေးကောင်းအသီးများရရှိပြီး ပို့ကုန်တန်းဝင်အောင် တင်ပို့နိုင်ခြင်းရှိမည် ဖြစ်သည်။

အလားတူ ပြည်ပနိုင်ငံများသို့ ပြန်လည်တင်ပို့နေသည့် ဂရုတ်မျိုးများမှာလည်း ပြည်ပမှ တင်သွင်းစိုက်ပျိုးနေခြင်းဖြစ်ရာ လက်ရှိအချိန်တွင် မျိုးဈေးကြီးမြင့်ခြင်းနှင့် မျိုးအရည်အသွေးမမှန်ခြင်းများကို တောင်သူများ ကြုံတွေ့နေရသည်။

ပြည်တွင်းပြောင်းစိုက်ပျိုးမှုမှာလည်း လက်ရှိအချိန်တွင် ရာသီဥတုအခြေအနေများကြောင့် ပြောင်းစိုက်ပျိုးရာ ဒေသများတွင် မျိုးစေ့အခက်အခဲ၊ စိုက်ပျိုးစရိတ်ကြီးမြင့်မှုများ၊ စက်သုံးဆီဈေးကြီးမြင့်မှုများကြောင့် ပြောင်းစိုက်ဧကများ လျော့ကျလျက်ရှိသည်။

နိုင်ငံခြားငွေသုံးစွဲတင်သွင်းမှုတွင် မျိုးစေ့များတင်သွင်းမှုကို ဦးစားပေးစာရင်းတွင် မပါရှိသောကြောင့် ပြည်တွင်းမျိုးစေ့ကုမ္ပဏီများမှ တရားဝင်တင်သွင်းနိုင်ခြင်း မရှိသဖြင့် မျိုးစေ့ဈေးကြီးမြင့်ခြင်းနှင့် မျိုးစေ့ပြတ်လပ်မှုများရှိနေကြောင်း မျိုးစေ့ဈေးကွက်မန်နေဂျာတစ်ဦးကပြောသည်။

**Source : မကွေးဂျာနယ်**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၃၀-၉-၂၀၂၄ မှ ၄-၁၀-၂၀၂၄ ရက်အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ တစ်ပိဿာ ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၄၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၃၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၉၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၃၀၀၊ မုံရွာသစ်ရှယ် ကျပ် ၂၅၀၀၊ မုံရွာလတ်ကြီး ကျပ် ၂၄၀၀၊ မုံရွာလတ်သန့် ကျပ် ၂၀၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၄၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၅၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၅၀ ဈေးမြင့်တက်ခဲ့ပြီး မုံရွာသစ်ရှယ် ကျပ် ၁၅၀၊ မုံရွာလတ်ကြီး ကျပ် ၂၅၀၊ မုံရွာလတ်သန့် ကျပ် ၂၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၀၁ စီး (၆၀၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၈၅ စီး (၅၁၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၆ စီး (၉၆,၀၀၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ တစ်ပိဿာဈေးနှုန်းများမှာ ကြူကုတ်ရှယ်ကျပ် ၁၆၂၀၀၊ အောင်ပန်းထူး-၂ ကျပ်၉၃၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၀,၈၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၁,၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၁၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူ များ ဈေးငြိမ်လျက်ရှိသည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၂၃၀၀ (၆၉,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန် ဖြူအိတ် ၂၂၀၀ (၆၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၀၀ (၃၀,၀၀၀ ပိဿာ ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့နှင့် တရုတ်မှ အာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး တစ်ပိဿာ ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၄၀၀၀၊ အောင်ပန်း OK ကျပ် ၄၅၀၀၊ အောင်ပန်း S1 ကျပ် ၅၅၀၀ နှင့် တရုတ်အာလူး ကျပ် ၅၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း A1 ကျပ် ၅၀၀ အောင်ပန်း S1 ကျပ် ၅၀၀ နှင့် တရုတ်အာလူး ကျပ် ၅၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၃၀စီး (၁၈,၀၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခု အပတ် တွင် ကားစီးရေ ၂၇ စီး (၁၆၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃ စီး (၁၈,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၃၀-၉-၂၀၂၄ မှ ၄-၁၀-၂၀၂၄ ရက်အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲတစ်တန် ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၉၄၅,၀၀၀၊ မတ်ပဲ SQ/ RC (2024 Crop) ကျပ် ၄,၃၅၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၇၂၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၁၃၅,၀၀၀ ၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၄၅,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၂၇၅,၀၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၆၀ လုံး (တန်ချိန် ၁၄၄၀)နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၈၀ လုံး (တန်ချိန် ၁၉၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး တစ်ပိဿာ ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၆၅၀၀၊ မြားနီ ကျပ် ၆၀၀၀ ၊ ပန်းတနော်ရှည် ကျပ် ၅၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၁၀၀၀ နှင့် မြစ်ဝပု ကျပ် ၁၀,၅၀၀ ဈေးအသီးသီး ဖြစ် ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၁၂၅၀ (၂၅,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ )ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၁၇၅၀ ( ၃၅,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ် ပေါင်း ၅၀၀ (၁၀,၀၀၀ ပိဿာ) ပိုမို ဝင်ရောက် ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး တစ်ပိဿာဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၆၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၇၅၀၀ နှင့် မန်ကျည်းသီး ရမည်းသင်းဒါးဇင်း ကျပ် ၃၃၀၀ အသီးသီးဈေး ဖြစ်ခဲ့ သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား တစ်ပိဿာ ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၆၁၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၆၀၀၊ ပခုက္ကူကြမ်း ကျပ် ၆၂၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၆၈၀၀၊ ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့ သည်။ တစ်ပတ်အတွင်း **ထန်းလျက်၊ ကြံသကာနှင့် သကြားများဈေးငြိမ်လျက်ရှိသည်။**

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပြည်တွင်းသကြားစက်အချို့ မလည်ပတ်နိုင်သည့် အခြေအနေများကြောင့် သကြားဖြူဈေး မြင့်တက်လာ




ပြည်တွင်းသကြားစက်အချို့ မလည်ပတ်နိုင်သည့် အခြေအနေများကြောင့် ပို့ကုန်တန်းဝင်သကြားဖြူ ဈေးအနည်းငယ် မြင့်တက်လာကြောင်းသကြားကုန်သည်များထံကသိရသည်။

မြန်မာနိုင်ငံ၏ ကြံရာသီမှာ ဒီဇင်ဘာလတွင် စတင်ကြိတ်ဝါး ပြီး မတ်လကုန်တွင် ကြံရာသီကုန်မည်ဖြစ်ကာ ယခုအချိန်တွင် ကြံရာသီစတင်ရန် နှစ်လခန့်သာ လိုတော့သည့်အချိန်တွင် ပြည်တွင်းသကြားစက်ကြီးနှစ်လုံးမှာ မလည်ပတ်နိုင်သည့် အခြေအနေများကြောင့် ပြည်တွင်းသကြားဈေး အနည်းငယ် မြင့်တက်လာခြင်း ဖြစ်သည်။

" ကြံရာသီရောက်ဖို့က နှစ်လလောက်ပဲ လိုတော့တာပါ။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ငွေရည်ပုလဲသကြားစက်နှင့် မိုင်းရယ်သကြားစက်တို့မှာ အခြေအနေအကြောင်းကြောင်းကြောင့် စက်ရုံမလည်ပတ်နိုင်မှာ စိုးရိမ်သောကြောင့် ပြည်တွင်းမှာ ပို့ကုန်တန်းဝင် သကြားဖြူဈေးက အနည်းငယ်မြင့်တက်လာတာပါ။ ပြည်တွင်းသုံး အရည်အသွေးရှိ သကြားကတော့ လက်ကျန် အများကြီးရှိပြီး ဈေးငြိမ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းက သကြားတွေလည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ဈေးကွက်ထဲမဝင်ရောက်နိုင်သေးပါဘူး "ဟု မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ရှမ်းပြည်နယ်အတွင်းရှိ သကြားစက်ရုံနှစ်ရုံမှ ထွက်ရှိသည့် သကြားပမာဏမှာ တစ်နိုင်ငံလုံး၏ ၆၀ ရာခိုင်နှုန်းခန့် ထွက်ရှိသဖြင့် ပြည်တွင်းသကြားထွက်နှုန်း ကျဆင်းနိုင်သည့် အခြေအနေများကြောင့် ပြည်တွင်းသကြားဈေးအနည်းငယ်တက်ရိပ်ပြလာခြင်းဖြစ်ကြောင်း သကြားကုန်သည်များက သုံးသပ်ထားသည်။

ပြည်တွင်းသကြားဈေးနှုန်းမှာ ကြံရာသီကုန်ဆုံးသည့် ဧပြီလကတည်းက ဈေးအတက်အကျ အနည်းငယ်ဖြင့် ဈေးတည်ငြိမ်လျက်ရှိသည်။ မန္တလေးသကြားဈေးကွက်တွင် ဩဂုတ်နှင့် စက်တင်ဘာလကတည်းက ဈေးနှုန်းအပြောင်းအလဲမရှိဘဲ တည်ငြိမ်နေသည့် ပေါင်းသကြား တစ်ပိဿာလျှင် ကျပ် ၄၇၀၀–၄၈၀၀ သာ ပေါက်ဈေးရှိနေပြီး အောက်တိုဘာလဆန်း ၃ ရက် တွင် တစ်ပိဿာလျှင် ကျပ် ၄၉၀၀ ပေါက်ဈေး ဖြစ်လာသည်။

ခါသကြားတစ်ပိဿာလျှင် ကျပ် ၃၉၀၀–၄၀၀၀၊ ပွက်သား တစ်ပိဿာလျှင် ကျပ် ၃၀၀၀–၃၄၀၀ ပေါက်ဈေး ဖြစ်လာပြီး သကြားအမျိုးအစားအလိုက် တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့် ဈေးမြင့်တက်လာခြင်း ဖြစ်သည်။

လက်ရှိအချိန်တွင် သကြားစက်ရုံနယ်မြေအလိုက် ကြံစိုက်ခင်းများကို ပေါင်းရှင်းခြင်း၊ပေါင်းလုံးခြင်း၊ မြေသြဇာဖြည့်စွက်ကျွေးခြင်းများကို တောင်သူများဆောင်ရွက်လျက်ရှိသည်။

ပြီးခဲ့သည့် ကြံရာသီက မြန်မာနိုင်ငံတစ်ဝန်းမှ သကြားတန်ချိန် ၁၀ သိန်းကျော် ထွက်ရှိခဲ့ကာ ပြည်ပသို့ တန်ချိန် တစ်သိန်းကျော်သာ တင်ပို့နိုင်ခဲ့ပြီး လက်ရှိအချိန်တွင် ပြည်တွင်းလက်ကျန် သကြားပမာဏများ ပိုလျှံနေသဖြင့် ပြည်တွင်းသကြားဈေး တည်ငြိမ်နေကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ယူအေအီးနိုင်ငံရှိ Dragon Oil ရေနံကုမ္ပဏီမှ ငါးနှစ်အတွင်း နေ့စဉ်အထွက်နှုန်း ၄၅၀,၀၀၀ BPD အထိ နှစ်ဆတိုးထုတ်လုပ်သွားရန် ရည်မှန်းထား

ဒူဘိုင်းအစိုးရမှ ရာနှုန်းပြည့်ပိုင်ဆိုင်သည့် Dragon Oil ကုမ္ပဏီသည် ၎င်း၏ လက်ရှိအဆင့်ဖြစ်သည့် နေ့စဉ် ရေနံထုတ်လုပ်မှုပမာဏ ၂၁၀,၀၀၀ bpd မှ ၄၅၀,၀၀၀ bpd သို့ လာမည့် ငါးနှစ်အတွင်း နှစ်ဆတိုး ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိသည်။

ဒူဘိုင်းတွင်ပြသလျက်ရှိသည့် ၂၆ ကြိမ်မြောက် ရေ၊ စွမ်းအင်၊ နည်းပညာနှင့် သဘာဝပတ်ဝန်း ကျင်ပြပွဲ (WETEX) ၂၀၂၄ တွင် Dragon Oil ရေနံကုမ္ပဏီ၏ CEO ဖြစ်သူ Ali Rashid Al Jarwan က ကုမ္ပဏီသည် ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာရပ်တည်မှု အဆင့်အတန်းကို မြှင့်တင်ရန် ရည်ရွယ်ပြီး ပြည့်စုံသော မဟာဗျူဟာမြှော်မှန်းချက်၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် လာမည့် ငါးနှစ်အတွင်း ၎င်းတို့၏ ထုတ်လုပ်မှုပမာဏကို နှစ်ဆတိုးချဲ့သွားရန် ရည်မှန်းချက်ကြီးမား စွာထားရှိကြောင်း ပြောကြားခဲ့သည်။

Ali Rashid Al Jarwan က ကုမ္ပဏီမှ နှစ်စဉ်ထုတ်လုပ်မှုတိုးတက်မှုကို ၁၀ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းအထိ ပေးဆောင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

လွန်ခဲ့သည့်ခုနစ်နှစ်အတွင်းကထုတ်လုပ်မှု၏ သိသာထင်ရှားသောတိုးတက်မှုနှုန်းမှာတစ်ရက်လျှင် ရေနံစည်ပေါင်း ၇၀,၀၀၀ မှ ၂၁၀,၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်လာနိုင်ခဲ့ကာ ကုမ္ပဏီ၏အင်အားနှင့် ရေနံမြေများတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံနိုင်မှုတို့ကို အလေးပေး ဖော်ပြခဲ့သည်။

အနာဂတ်ရင်းနှီးမြှုပ်နှံမှုများတွင် ကုမ္ပဏီ၏ ဘတ်ဂျက်ပမာဏသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရှိပြီး ရင်းနှီးမြှုပ်နှံမှုအတွက်ဒေါ်လာ ၁ ဘီလီယံခွဲဝေပေးထားကာလုပ်ငန်းလည်ပတ်မှုများအတွက်ဒေါ်လာသန်း ၅၀၀ ထားရှိကြောင်း ၎င်းက ရှင်းလင်းပြောကြားခဲ့သည်။

အီဂျစ်၊ အီရတ်နှင့် တာ့ခ်မင်နစ္စတန် နိုင်ငံများတို့အပါအဝင် အဓိကဈေးကွက်အများအပြားတွင် လုပ်ငန်းလည်ပတ်လျက်ရှိသော Dragon Oil ရေနံကုမ္ပဏီသည် အဆိုပါဈေးကွက်များတွင် လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်မှုများ ဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီအား ပြိုင်ဆိုင်နိုင်မှုနှင့် ချဲ့ထွင်မှုတို့ကိုတိုးမြှင့်ပေးသည့် အဆိုပါနိုင်ငံများနှင့် ၎င်းတို့၏ ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုများကို အသုံးချလျက်ရှိကြောင်း ဆက်လက်ပြောကြားခဲ့သည်ကို သတင်းဌာနမှ ဖော်ပြ ထားသည်။

**Source: Emirates News Agency : Nanda Soe Myint Economic Counsellor (Dubai)**

https://myantrade.gov.mm/

## နို့နှင့်နို့ထွက်ပစ္စည်းလုပ်ငန်းများကို ပံ့ပိုးရန် အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနက အမေရိကန် ဒေါ်လာ (၁၁) သန်းရင်းနှီးမြှုပ်နှံ

အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန (U.S. Department of Agriculture, USDA) သည် နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်းများနှင့် ထုတ်လုပ်သူများကို နို့နှင့်နို့ထွက်ပစ္စည်းလုပ်ငန်းများ တီထွင်ဆန်းသစ်မှုအစီအစဉ် (Dairy Business Innovation Initiative, DBI) ရန်ပုံငွေအောက်တွင် အမေရိကန်ဒေါ်လာ(၁၁)သန်း ထောက်ပံ့သွားမည်ဟု အမေရိကန်စိုက်ပျိုးရေးဝန်ကြီး Mr. Tom

Vilsack က ၄-၁၀-၂၀၂၄ ရက်တွင် ဝစ္စကွန်ဆင်ပြည်နယ်၊ မက်ဒီဆင်မြို့၌ကျင်းပသည့် World Dairy Expo ၌ ပြောကြားခဲ့သည်။

အစီအစဉ်သည် အသေးစားနှင့်အလတ်စားနို့နှင့်နို့ထွက်ပစ္စည်းလုပ်ငန်းများအား ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ဈေးကွက်မြှင့်တင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းတွင် ပံ့ပိုးကူညီရန်ဖြစ်ကြောင်း၊ ယနေ့အချိန်အထိ အဆိုပါအစီအစဉ်မှ စီမံကိန်းပေါင်း (၆၀၀) ကျော်ကို အမေရိကန်ဒေါ်လာ (၆၄) သန်းထောက်ပံ့ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ယခုနှစ်တွင် ရန်ပုံငွေထောက်ပံ့မည့်အဖွဲ့အစည်း (၄)ခုမှာ ကယ်လီဖိုးနီးယားပြည်နယ်တက္ကသိုလ်၊ တင်နက်ဆီပြည်နယ်တက္ကသိုလ်၊ စိုက်ပျိုးရေး၊ အစားအစာနှင့်ဈေးကွက်သုတေသနအဖွဲ့၊ ဗားမောင့်မြို့နှင့် ဝစ္စကွန်ဆင်တက္ကသိုလ်တို့ ဖြစ်ကြောင်း သိရှိရသည်။

**Source : (စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ)**

https://myantrade.gov.mm/

## ရုရှားနိုင်ငံသည် လာမည့်နှစ်တွင် ဓာတ်ဆီနှင့်ဒီဇယ်ဆီများ တိုးမြှင့်ထုတ်လုပ်၍ ပို့ကုန်တင်ပို့နိုင်ရန် ပံ့ပိုးပေးမည်

ရုရှားနိုင်ငံသည် လာမည့်နှစ်များတွင် ဓာတ်ဆီတန်ချိန် ၄ သန်းနှင့် ဒီဇယ်ဆီတန်ချိန် ၃၀ သန်း တိုးမြှင့်ထုတ်လုပ်မည်ဖြစ်ပြီး လောင်စာဆီများ၏ ဈေးနှုန်းများမြင့်တက်မှုကိုထိန်းမည်ဖြစ်ကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် Mr. Alexander Novak က ပြောကြားခဲ့သည်။

လောင်စာဆီ ဈေးနှုန်းများသည် ငွေကြေးဖောင်းပွမှုထက် ပိုမိုမကြီးထွားသင့်ကြောင်း၊ လာမည့်နှစ်များအတွင်း ဓာတ်ဆီတန်ချိန် ၄ သန်းခန့်နှင့် ဒီဇယ်ဆီ တန်ချိန် ၃၀ သန်းခန့် ထပ်မံ တိုးမြှင့်ထုတ်လုပ်နိုင်ရန် မျှော်လင့်ထားကြောင်း၊ ယင်းကဲ့သို့ တိုးမြှင့်ထုတ်လုပ်ခြင်းသည် ပြည်တွင်းဈေးကွက်နှင့် ပို့ကုန်တင်ပို့မှုအတွက် လုံလောက်စွာ ပံ့ပိုးပေးနိုင်ရန်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အစိုးရသည် ပြည်တွင်းဈေးကွက်တွင် လိုအပ်သော ရေနံထွက်ကုန်ပစ္စည်းပမာဏများကို ပံ့ပိုးပေးနိုင်ရန် လိုအပ်သော အစီအမံများအားလုံးကို လုပ်ဆောင်ခဲ့သဖြင့် လက်ရှိတွင် ရေနံချက် စက်ရုံများသည် တည်ငြိမ်စွာလည်ပတ်နေပြီး ပြည်တွင်းဈေးကွက်ရှိ ဝယ်လိုအားကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရုရှားပြည်တွင်းဈေးကွက်ရှိ ဓာတ်ဆီဆိုင်များတွင် ဈေးနှုန်းများတည်ငြိမ်လျက်ရှိပြီး လက်ရှိတွင် လောင်စာဆီအရန်သိုလှောင်ထားမှုအနေဖြင့် ဓာတ်ဆီတန်ချိန် ၁ ဒသမ ၉ သန်း နှင့် ဒီဇယ်ဆီ တန်ချိန် ၃ သန်းခန့်ရှိကာ ယခင်နှစ်နှင့် နှိုင်းယှဉ်က ပမာဏပိုများကြောင်း သိရရသည်။

ရုရှားအစိုးရသည် ပြည်တွင်းဈေးကွက်တည်ငြိမ်စေရန် ဓာတ်ဆီတင်ပို့မှု တားမြစ်ချက်ကို ၂၀၂၄ ခုနှစ်၊ နှစ်ကုန်အထိ ကန့်သတ်ထားပြီး ဒီဇယ်ဆီတင်ပို့မှုကို တားမြစ်ထားခြင်း မရှိကြောင်း သိရှိရသည်။

**Source : https://energo-news.ru/archives/187655**

**(စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/

## လစာနှုန်းထားနှင့်ခရီးသွားဧည့်သည် လာရောက်မှုမြင့်တက်ခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံ၏ ပြည်တွင်းသုံးစွဲနိုင်စွမ်းမှာ မြင့်တက်ခဲ့

လုပ်သားပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် အားနည်းချက်များ ဆက်လက်ဖြစ်ပေါ်လျက်ရှိသော်လည်း ငွေကြေးဖောင်းပွမှုကြောင့် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည့် ဂျပန်နိုင်ငံ၏ ပြည်တွင်းသုံးစွဲနိုင်စွမ်းမှာပြန်လည်ကောင်းမွန်လာကြောင်း ဖော်ပြခဲ့ပါသည်။

အဆိုပါ သတင်းတွင် ဂျပန်ဗဟိုဘဏ်၏ စက်တင်ဘာလထုတ် စီးပွားရေးလုပ်ငန်းများ၏ သဘောထားအမြင် စစ်တမ်းတွင် နေထိုင်တည်းခိုမှုနှင့် စားသောက်ဆိုင်ဝန်ဆောင်မှုလုပ်ငန်းများ၏ စီးပွားရေးဆိုင်ရာညွှန်ကိန်းမှာ ၅၂ ရှိခဲ့ပြီး၊ ၂၀၂၄ ခုနှစ်၊ မတ်လ တွင် စံချိန်တင်မြင့်တက်ခဲ့သည့်နှုန်းသို့ ရောက်ရှိခဲ့ကြောင်း၊ လက်လီကဏ္ဍအတွက် စီးပွားရေးဆိုင်ရာညွှန်ကိန်းမှာ ဇွန်လ စစ်တမ်း တွင် ၁၉ ရှိခဲ့ရာမှ စက်တင်ဘာလစစ်တမ်းတွင် ၂၈ သို့ မြင့်တက်ခဲ့ကြောင်းဖော်ပြထားသည်။

လက်လီအရောင်းလုပ်ငန်းဖြစ်သည့် Daimaru Matsuzakaya Department Stores ၏ ရောင်းအားမှာ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ၅ ဒသမ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အလားတူအရောင်းစင်တာလုပ်ငန်းကြီးများ လုပ်ကိုင်လျက်ရှိ သည့် Inageya ၏ ရောင်းအားမှာ ၃ဒသမ ၇ ခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ဝယ်လိုအားမှာလည်း ၃ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ ကြောင်း၊ Prince Hotel လုပ်ငန်းစုများ၏ အိမ်ခန်းရောင်းအားမှာ ၂၀၂၄ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လတာ ကာလ အတွင်း ၂၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ဟိုတယ်အခန်းများ ငှားရမ်းမှုမှာ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံသို့ လာရောက်ခဲ့သည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ၏ သုံးစွဲမှု မြင့်မားခဲ့ခြင်းနှင့် ဂျပန်နိုင်ငံသားများ၏ လစာနှုန်းများ မြင့်တက်ခဲ့ခြင်းတို့ကြောင့် ပြည်တွင်းသုံးစွဲမှုကို မြင့်တက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ငွေကြေးဖောင်းပွမှုကို ထည့်သွင်း တွက်ချက်ထားသော ဂျပန်နိုင်ငံ ၏ လစာနှုန်းမှာ ၂၀၂၄ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လတွင် များပြားခဲ့ကြောင်း၊ ဂျပန်ဗဟိုဘဏ်၏ ပြည်တွင်းသုံးစွဲနိုင်မှုဆိုင်ရာ ညွှန်ကိန်းမှာလည်း ၂ လဆက်တိုက် မြင့်တက်ခဲ့ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံရှိ Uniqlo အထည်ဆိုင်များ၏ ရောင်းအားမှာ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် မြင့်တက်ခဲ့ပြီး၊ ၈ လ ဆက်တိုက် မြင့် တက်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းအများစုအနေဖြင့် ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်ခဲ့မှုကြောင့် ရောင်းချသည့် ကုန်စည်များ ၏ ဈေးနှုန်းများလည်း တိုးမြှင့်သတ်မှတ်ခဲ့ကြကြောင်း၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလတွင် ကုန်စည်အမျိုးအစား ၂,၉၁၁ မျိုး ဈေးနှုန်းမြင့်တက်လာမည်ဖြစ်ကြောင်း Teikoku Databank ၏ အချက်အလက်များအရ သိရှိရကြောင်း ဖော်ပြထားသည်။

ဂျပန်စီးပွားရေးလုပ်ငန်းအများစုအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ကုမ္ပဏီ၏ ရောင်းအားကို ၂ဒသမ၃ ရာခိုင်နှုန်း မြင့်တက်နိုင် ကြောင်းခန့်မှန်းထားကြကြောင်း စက်တင်ဘာလထုတ် စစ်တမ်းတွင် ဖော်ပြထားကြောင်း၊ စီးပွားရေးလုပ်ငန်းများ၏ အခွန်မ ဆောင်မီ ရရှိသည့် အမြတ်ငွေပမာဏမှာ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ၅ဒသမ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဖော်ပြ ထားသည်။

စီးပွားရေးလုပ်ငန်းများတွင် အဓိကကြုံတွေ့နေရသည့် စိန်ခေါ်မှုမှာ လုပ်သားပြတ်လပ်မှု ဖြစ်ပြီး၊ ၁၉၉၁ ခုနှစ် နောက်ပိုင်း တွင် အဆိုးရွားဆုံး လုပ်သားပြတ်လပ်မှုဖြစ်ကြောင်း၊ လုပ်သားပြတ်လပ်မှုကို ဖြေရှင်းနိုင်ရေးအတွက် ဂျပန်နိုင်ငံရှိ အကြီးစားနှင့် အငယ်စားလုပ်ငန်းများအနေဖြင့် ထောက်ပံ့ကြေးများ ဆက်လက်ပံ့ပိုးပေးသွားရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် Suntory Holdings ကုမ္ပဏီအနေဖြင့် ၂၀၂၅ ခုနှစ်တွင် လစာနှုန်းထားကို ၇ ရာခိုင်နှုန်း တိုးမြှင့်ပေးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**Source: The Nikkei Asia**

**(စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့)**

https://myantrade.gov.mm/

# STOCK EXCHANGE (7.10.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 4th Oct. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,626 (Shares) | 20,169,450 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 30 | 261,000 | 33,109,694 | 288,054 |
| MTSH | 00002 | 3,450 | -50 | -1.43% | 3,450 | 3,450 | 3,450 | 1 | 3,450 | 38,929,150 | 134,306 |
| MCB | 00003 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 0 | 0 | 10,400,986 | 93,609 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,850 | 1,900 | 1,850 | 775 | 1,472,450 | 29,664,613 | 56,363 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 401 | 1,102,750 | 12,823,224 | 35,264 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 644 | 1,094,800 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 0 | 0 | 10,497,598 | 47,239 |
| MAEX | 00008 | 3,400 | -50 | -1.45% | 3,400 | 3,400 | 3,400 | 4,775 | 16,235,000 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 4th Oct. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 408.09 | -1.66 | -0.41% | 408.34 | 409.12 | 408.09 | 6,626 | 20,169,450 | 8 | 769,733 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 4th Oct. 2024

| Trading Volume | Trading Value |
|---|---|
| 6,626 (Shares) | 20,169,450 (MMK) |

### Main Board

As of 1:00 pm, 4th Oct. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,626 (Shares) | 20,169,450 (MMK) |

| MYANPIX | 408.09 ▼ 1.66 |
|---|---|
| Total Volume (shares) | 6,626 |
| Total Value (MMK) | 20 mil |
| Listed Company | 8 |
| Market Cap. (MMK) | 769,733 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 3,450 | ▼ 50 |
| MCB | 00003 | 9,000 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,400 | ▼ 50 |